ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

အမိန့်အမှတ် ၂ / ၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ် ၊ မတ်လ ၁၄ ရက်)

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာ အမိန့်ကို အောက်ပါအတိုင်း ထုတ်ပြန်လိုက်သည်-

## ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်

၁။ ဤအမိန့်တွင်ပါရှိသော စကားရပ်များသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်သူ** ဆိုသည်မှာ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ရရှိပြီး အောက်ပါလုပ်ငန်းတစ်ခုခုကိုဖြစ်စေ၊ လုပ်ငန်းတစ်ခုထက်ပို၍ဖြစ်စေ စီးပွားရေး အလို့ငှာအခကြေးငွေရယူ၍ စီမံဆောင်ရွက်သူကို ဆိုသည်-

(၁) ခရီးသည်များအတွက် ခရီးစဉ်များကိုရေးဆွဲခြင်း၊ ခရီးစဉ်အလိုက် တည်းခိုမှု၊ သယ်ယူပို့ဆောင်မှု စသည်ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ ကြိုတင်ဆက်သွယ်စီစဉ်ခြင်း၊

(၂) ခရီးစဉ်များကို ဖြန့်ဖြူးရောင်းချခြင်း သို့မဟုတ် ကိုယ်စားလှယ်ယူ၍ တစ်ဆင့်စီစဉ်ရောင်းချပေးခြင်း၊

(၃) ရောင်းချထားသောခရီးစဉ်များအတွက် ခရီးစဉ်ဝန်ဆောင်မှုများကို တာဝန်ယူဆောင်ရွက်ပေးခြင်း၊

(၄) ခရီးသည်များအတွက် နိုင်ငံတကာလေယာဉ်၊ ရထား၊ သင်္ဘောစသည့် ပို့ဆောင်ရေးယာဉ်ဆိုင်ရာ ခရီးသွားလက်မှတ်များကို ဝယ်ယူရရှိရေး စီစဉ်ဆောင်ရွက်ပေးခြင်း။

ခြွင်းချက် - ယင်းစကားရပ်တွင် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်သူများပါဝင်ခြင်း မရှိစေရ-

(၁) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းအဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏ဝန်ထမ်းတစ်ဦးဦးသည် ယင်းလုပ်ငန်းနှင့် သက်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦးဦးအား တာဝန်အရ တစ်နေရာမှတစ်နေရာသို့ ခရီးသွားလာရာတွင် အဆင်ပြေချောမွေ့စွာ ပို့ဆောင်ခြင်း၊ တည်းခိုရန်နေရာ စီစဉ်ပေးခြင်းနှင့် ဧည့်လမ်းညွှန်စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးခြင်း၊

(၂) ပုဂ္ဂိုလ်တစ်ဦးဦးသည် စီးပွားရေးအလို့ငှာမဟုတ်ဘဲ လူမှုရေးအရ မိမိ၏ ဆွေမျိုးမိတ်ဆွေ မိတ်သင်္ဂဟ တစ်ဦးဦးအား တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် အဆင်ပြေချောမွေ့စွာပို့ဆောင်ခြင်း၊တည်းခိုရန်နေရာစီစဉ်ပေးခြင်းနှင့် ဧည့်လမ်းညွှန်စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးခြင်း။

(ခ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီက ထုတ်ပေးသော ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ကို ဆိုသည်။

၂။ ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်သူသည် ခရီးလှည့်လည်ရေးလုပ်ငန်းကို အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတည်ထောင်၍ လုပ်ကိုင်ဆောင်ရွက်ရမည်-

(က) ခရီးလှည့်လည်ရေးလုပ်ငန်းကို ကုမ္ပဏီလီမိတက်အဖြစ် ဖွဲ့စည်းလုပ်ကိုင်ခြင်းဖြစ်ပါက ယင်းလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ကုမ္ပဏီများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်၍ ဖွဲ့စည်း တည်ထောင်ရမည်။ သမဝါယမအသင်း ဖွဲ့စည်းလုပ်ကိုင်ခြင်းဖြစ်ပါက သမဝါယမဝန်ကြီးဌာန၊ သမဝါယမဦးစီးဌာနတွင် ယင်းလုပ်ငန်းအတွက် မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ရမည်။

(ခ) ခရီးလှည့်လည်ရေးလုပ်ငန်းရုံးခန်းကို သီးခြားဖွဲ့စည်းထားရှိရမည်။ လုပ်ငန်းအမည်ကို သီးခြားဆိုင်းဘုတ်ဖြင့် ချိတ်ဆွဲထားရှိရမည်။

၃။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် အောက်ပါအချက်အလက်၊ အထောက်အထားများဖြင့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည်-

(က) ပြည်ဝင်ခရီးစဉ် နှင့် ပြည်တွင်းခရီးစဉ်

(၁) လိုင်စင်လျှောက်လွှာ ၊

(၂) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ သို့မဟုတ် သမဝါယမအသင်း မှတ်ပုံတင် မိတ္တူ၊

(၃) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန သို့မဟုတ် သမဝါယမဦးစီးဌာနမှ အတည်ပြုထားသော ဒါရိုက်တာအဖွဲ့ဝင်စာရင်း၊ ရုံးခန်းလိပ်စာနှင့် အစုရှယ်ယာပါဝင်မှုစာရင်းမိတ္တူ၊

(၄) ဝန်ထမ်းစာရင်း၊

(၅) ဆောင်ရွက်မည့် ခရီးစဉ်များ၊ ဈေးနှုန်းများနှင့် ဝန်ဆောင်မှုပေးမည့် အစီအစဉ်များ (Tour Conditions and Agreement)၊

(၆) လျှောက်ထားသူ၏ ကိုယ်ရေးရာဇဝင် နှင့်မှတ်ပုံတင် မိတ္တူ၊

(၇) လျှောက်ထားသူ၏ (၆) လအတွင်း ရိုက်ထားသည့် ပတ်စ်ပို့အရွယ် ရောင်စုံဓါတ်ပုံ(၂)ပုံ။

(ခ) ပြည်ပခရီးစဉ်

(၁) လိုင်စင်လျှောက်လွှာ၊

(၂) ပြည်ဝင်ခရီးစဉ် နှင့် ပြည်တွင်းခရီးစဉ် သက်တမ်းရှိသည့် လုပ်ငန်းလိုင်စင် မိတ္တူ၊

(၃) ကုမ္ပဏီမှ ဝန်ဆောင်မှုပေးမည့် ခရီးစဉ်များ၊ ဈေးနှုန်းများနှင့်ဝန်ဆောင်မှုပေးမည့် အစီအစဉ်များ(Tour Conditions and Agreement )၊

(၄) ကုမ္ပဏီမှဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုအပေါ် အပြည့်အဝတာဝန်ယူကြောင်း ကတိပြုချက် ကျမ်းကျိန်လွှာ၊

(၅) ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင်တစ်ဦး သို့မဟုတ် လုပ်ငန်းတာဝန်ယူကြောင်း ဆောင်ရွက်မည့်သူတစ်ဦးသည် ခရီးသွားလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိကြောင်း ယခင်လုပ်ကိုင်ခဲ့သည့် ကုမ္ပဏီ၏ ထောက်ခံချက်၊

(၆) လျှောက်ထားသူ၏ (၆)လ အတွင်း ရိုက်ထားသည့် ပတ်စ်ပို့အရွယ်ရောင်စုံဓါတ်ပုံ(၂)ပုံ၊

(၇) ဘာသာရေးဆိုင်ရာ ခရီးစဉ်များ ဆောင်ရွက်ပါက သက်ဆိုင်ရာဌာနများ၏ အမိန့် ညွှန်ကြားချက်များနှင့်အညီ တာဝန်ယူဆောင်ရွက်မည် ဖြစ်ကြောင်း ဝန်ခံကတိပြုချက်။

၄။ လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းကို လက်ခံရရှိသည့်အခါ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီက ဖွဲ့စည်းပေးသော လိုင်စင်စိစစ်ရေးအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်ရမည်။

၅။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပြည့်စုံမှန်ကန်သည့် လျှောက်ထားချက်ကို လက်ခံရရှိသည့် ရက်မှ အလုပ်လုပ်ရက် (၂၀) ရက်အတွင်း စိစစ်၍ ဆုံးဖြတ်ချက်ကို လုပ်ငန်း လိုင်စင် လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၆။ လုပ်ငန်းလိုင်စင် လျှောက်ထားသူသည် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ကြေးပေးသွင်းရမည်။

၇။ ခရီးလှည့်လည်ရေးလုပ်ငန်း လုပ်ကိုင်သူသည် ပင်မခရီးလှည့်လည်ရေးလုပ်ငန်းရုံးအပြင် လုပ်ငန်းရုံးခွဲ ဖွင့်လှစ်မည်ဆိုပါက ရုံးခွဲတည်ရှိသည့် ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြ၍ ခွင့်ပြုချက်ရယူရမည်။ ရုံးခွဲတစ်ခုချင်းစီအတွက် သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်ကြေး ပေးသွင်းရမည်။

၈။ လုပ်ငန်းလိုင်စင်ပါ ကုမ္ပဏီအမည်ပြောင်းလဲခြင်း၊ လိုင်စင်ပျက်စီး သို့မဟုတ် ပျောက်ဆုံး ခြင်း၊ ပိုင်ဆိုင်မှုပြောင်းလဲခြင်း၊ ပြည်ထောင်စုနယ်မြေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကျော်၍ ရုံးခန်းပြောင်းရွှေ့ခြင်းတို့ကြောင့် လုပ်ငန်းလိုင်စင် ပြန်လည်လျှောက်ထားလိုသူသည် သတ်မှတ်နှုန်းထားအတိုင်း ဝန်ဆောင်ကြေးကို ပေးသွင်းရမည်။

၉။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းတိုးလျှောက်ထားလိုလျှင် လိုင်စင်သက်တမ်း ကုန်ဆုံးသည့်ရက်မတိုင်မီ ရက်ပေါင်း(၆၀)အတွင်း လုပ်ငန်းလိုင်စင်သက်တမ်းတိုးရန် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီထံ လျှောက်ထားရမည်။ လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးရက် ကျော်လွန်ပြီးမှ လိုင်စင်သက်တမ်းတိုးရန် လျှောက်ထားလာပါက ထိုကျော်လွန်သည့် ရက်တိုင်း အတွက် သတ်မှတ်နှုန်းထားအတိုင်း ကျသင့်သည့် လိုင်စင်ဒဏ်ကြေးကို ပေးသွင်းရမည်။

၁၀။ လုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားသူသည် ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီ၏ ခွင့်ပြုချက်ရရှိပါက သတ်မှတ်နှုန်းထားအတိုင်း လိုင်စင်အသစ်လဲလှယ်ကြေးကို ပေးသွင်းရမည်။

၁၁။ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း သို့မဟုတ် လုပ်ငန်းလိုင်စင်အသစ်လဲလှယ်ခြင်းများ အား ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ ခွင့်ပြုချက်ရရှိသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း လိုင်စင်ကြေးပေးသွင်း၍ လုပ်ငန်းလိုင်စင်ကိုထုတ်ယူရမည်။ ယင်းကာလကျော်လွန်ပြီးမှ ထုတ်ယူ ပါ က ကျော်လွန်သည့်ရက်တိုင်းအတွက် သတ်မှတ်နှုန်းထားအတိုင်းလိုင်စင်ဒဏ်ကြေးကို ပေးသွင်း ရမည်။

၁၂။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ၁-၉-၂၀၁၁ ရက်စွဲပါ အမိန့်အမှတ် ၂/၂၀၁၁၊ ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်ဆိုင်ရာအမိန့်ကို ဤအမိန့်ဖြင့် ပယ်ဖျက်လိုက်သည်။

အုန်းမောင်
ပြည်ထောင်စုဝန်ကြီး
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန